**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org

# နန်းမိုဟွမ်အား တအာန်းအမျိုးသားလွတ်မြောက်ရေးတပ် (TNLA) မှ ဖမ်းဆီးထားခြင်းအပေါ် ထုတ်ပြန်ချက်

ရက်စွဲ။ ။ စက်တင်ဘာလ ၂၇ ရက်၊ ၂၀၁၈ ခုနှစ်

**ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊** နမ့်ခမ်းမြို့ ဟိုနောင်ရပ်ကွက်နေ နန်းမိုဟွမ်အား တအာန်းအမျိုးသားလွတ်မြောက်ရေးတပ် (TNLA) မှ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့၌ နေအိမ်တွင် လာရောက်ဖမ်းဆီးခေါ်ဆောင်၍ ထိန်းသိမ်းထားသည်မှာ တစ်လ ကျော်မျှ ကြာမြင့်လာပြီဖြစ်သည်။

နန်းမိုဟွမ်သည် TNLA အကောက်ခွန်ဝန်ထမ်းများ လုပ်ငန်းတာဝန်ထမ်းဆောင်နေစဉ် အပြင်းအထန် ထိခိုက်သေဆုံးသည်အထိ ဝတ္တရားနှောင့်ယှက်ခဲ့သည့်အတွက် အရေးယူပေးရန် TNLA ဗဟို တရားရုံးကို အမှုဖွင့်တိုင်ကြားလာခြင်းကြောင့် ဖမ်းဆီးထားခြင်းဖြစ်သည်ဟု TNLA ၏ ကြေညာချက်တွင် ဖော်ပြထား သည်ကို တွေ့ရှိရပါသည်။ တဆက်တည်းမှာပင် TNLA ဥပဒေအရ အများပြည်သူရှေ့မှောက်၌ အပြစ်ပေး အရေးယူဆောင်ရွက်မည်ဟု ဖော်ပြထားသည်။ ထိုသို့ဖော်ပြထားချက်အပေါ် မိမိတို့အနေဖြင့် အထူး စိုးရိမ်မိသည်။

နေအိမ်တွင် ရပ်ရွာအုပ်ချုပ်ရေးမှူး၊ ရပ်ရွာလူကြီးများအား အသိမပေးပဲ လက်နက်ဖြင့် ခြိမ်းခြောက်၍ လာရောက်ဖမ်းဆီးခေါ်ဆောင်သွားသည်မှာ လူ့အခွင့်အရေးရှုထောင့်မှလည်းကောင်း၊ တရားဥပဒေစိုးမိုးရေး ရှုထောင့်မှလည်းကောင်း မည်သို့မျှ လက်မခံနိုင်သည့် လုပ်ရပ်ဖြစ်ပါသည်။

အစိုးရတပ်မတော်အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများသည် ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ရမည်သာဖြစ်သည်။ ထို့အတူ မည်သည့်အဖွဲ့အစည်း မဆို ထိုသို့ လက်နက်ဖြင့် ခြိမ်းခြောက်ပြီး တိတ်တဆိတ် ဖမ်းဆီးခြင်းအား လျှစ်လျူရှုနေမည်ဆိုလျှင် ပြည်သူတို့၏ ဘဝလုံခြုံရေးမှာ အထူးစိုးရိမ်ရသည့် အခြေအနေသို့ ဆိုက်ရောက်သွားမည်ဖြစ်ပါသည်။

နန်းမိုဟွမ် အဖမ်းခံရခြင်းကြောင့် ဖော်ဆောင်နေဆဲဖြစ်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိခိုက်မှုများ ရှိလာနိုင်ပြီး ရှမ်းနှင့် တအာင်းပလောင်လူမျိုးစုများအကြား ပဋိပက္ခများ ဖြစ်လာမည်ကို စိုးရိမ်ကြောင်း နမ့်ခမ်းဒေသခံလူငယ်များကွန်ရက်က သတင်းထုတ်ပြန်ထားသည်။ ထို့အတူ အမျိုးသားပြန်လည်

သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာနနှင့် TNLA ၏ မဟာမိတ်အဖွဲ့ဖြစ်သည့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ကလည်း အမြန်ဆုံးလွှတ်ပေးရန် တောင်းဆိုထားသည်။

မိမိတို့အတွေ့အကြုံအရ မျက်ကွယ်တွင် ညှဉ်းပန်းနှိပ်စက်၍သော်လည်းကောင်း၊ ခြိမ်းခြောက်၍ သော်လည်းကောင်း ဝန်ခံခိုင်းသော ဖြစ်ရပ်များစွာကို ကြုံတွေ့ခဲ့ရသည့်အတွက် အထူးစိုးရိမ်ပူပန်မိသလို အချိန်ကြာလာသည်နှင့်အမျှ နန်းမိုဟွမ်၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးကိုလည်း အလွန်စိုးရိမ်မိပါသည်။

မိမိတို့ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(အေအေပီပီ) အနေဖြင့် ယခုကဲ့သို့ နန်းမိုဟွမ်အား မတရားဖမ်းဆီးချုပ်နှောင်ထားသည့်လုပ်ရပ်အား လုံးဝကန့်ကွက်ပါသည်။

TNLA အနေဖြင့်အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိရန် ကြိုးစားအားထုတ်နေသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် TNLA ၏ ကြိုးစားဆောင်ရွက်နေမှုများကို နန်းမိုဟွမ်အား အမြန်ဆုံးပြန်လည်လွှတ်ပေးခြင်းအားဖြင့် သက်သေပြနိုင်ရန် အလေးအနက် တိုက်တွန်း လိုက်ပါသည်။

ဆက်သွယ်ရန် -
တိတ်နိုင် အတွင်းရေးမှူး +၆၆(၀) ၈၁၂ ၈၇၈ ၇၅၁
ဘိုကြည် တွဲဘက်အတွင်းရေးမှူး +၉ ၅(၀) ၉၄၂၅ ၃၀၈ ၈၄၀
အောင်မျိုးကျော် ရန်ကုန်ရုံးတာဝန်ခံ +၉၅(၀) ၉၄၂၈ ၁၁၇ ၃၄၈